# *Karen National Unity Seminar*

**P.O Box 22, Mae Sot Post Office, Tak Province 63110, Thailand**
**E-mail: Karen_unity@yahoo.com, Tel/Fax: +66 (0)55 546 281**


seminar

Karen National Unity

together towards national unity

နေ့စွဲ။ ။ မတ်လ (၁) ရက်နေ့၊ ၂၀၁၂ ခုနှစ်။

## နိုင်ငံတကာ ကရင်အမျိုးသားများ နီးနှောဖလှယ်ပွဲ ထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေနှင့်ကရင်အမျိုးသားများ၏ အနာဂါတ်အရေးကို ရှေ့ရှုပြီး နီးနှောဖလှယ်ပွဲကို ၂၀၁၂ခုနှစ် ဖေဖေါ်ဝါရီလ(၂၇)နေ့မှ မတ်လ(၁)ရက်နေ့အထိ ကျင်းပခဲ့ရာ ပြည်တွင်း ပြည်ပရှိ ကရင်အမျိုးသားအဖွဲ့အစည်းများ၊ ကရင်အမျိုးသားရပ်မိရပ်ဖခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့အစည်း၊ လူငယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း(၁၆၇)ဦး တက်ရောက်ခဲ့ကြသည်။

ဤနီးနှောဖလှယ်ပွဲတွင် အောက်ပါဆုံးဖြတ်ချက်များကို တညီတညွတ်တည်း သဘောတူချမှတ်ခဲ့ပါသည်။

(၁)ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရအကြား တွေ့ဆုံဆွေးနွေးရေးနှင့် ပတ်သက်၍ ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးမှ ချမှတ်ထားသည့် အဆင့်(၄)ဆင့်ပါ လမ်းပြမြေပုံကို ထောက်ခံကြိုဆိုသည်။

(၂)ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးသည့် အဆင့်များတွင် ပြည်တွင်းပြည်ပရှိ ကရင်အဖွဲ့အစည်းများမှ တတ်အားသ၍ ဝိုင်းဝန်းပံ့ပိုးသွားမည်။

(၃)အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်တွင် ပွင့်လင်းမြင်သာမှုရှိရမည်။ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကိုစောင့်ကြည့်သည့် ကြားနေနိုင်ငံတကာအဖွဲ့မှ ပါဝင်မှုရှိရမည်။ တနိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးကို လက်တွေ့အကောင်အထည်ဖေါ်ရမည်။

(၄)စစ်မှန်သောငြိမ်းချမ်းရေး မဖြစ်မခြင်း ပြည်တွင်းဒုက္ခသည်နှင့်ဒုက္ခသည်များ အဆောတလျှင် ပြန်လည်ပို့ဆောင်ခြင်းမပြု ရန်နှင့်ပြန်လည်ပို့ဆောင်သည့်အချိန်တွင် နိုင်ငံတကာ ကြည့်ရှုစောင့်ရှောက်မှုအောက်မှ ပြန်လည်ပို့ဆောင်ရမည်။

(၅)စစ်မှန်သောငြိမ်းချမ်းရေးမရမခြင်း နိုင်ငံတကာမှမြန်မာအစိုးရအပေါ် ဖိအားပေးအရေးယူမှုများဆက်လက်ထားရှိရမည်။

(၆)ပဒိုမန်းငြိမ်းမောင် အပါအဝင် ဖမ်းဆီးထားသော ကေအဲန်ယူအဖွဲ့ဝင်များ ကရင်လူထုများနှင့် အခြားနိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးရန် တောင်းဆိုသည်။

(၇)ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထု၏ ပါဝင်ဆုံးဖြတ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် အနာဂါတ် မျိုးဆက်များ၏ အကျိုးစီးပွားကို ဦးတည်ရမည်။ စီးပွားရေးမူဝါဒများချမှတ်ရာတွင် အခြေခံလူထုနှင့် ဒေသခံ ပြည်သူ လူထုတို့၏ ရေရှည်အကျိုးစီးပွားကို အခြေခံ ရမည်။

(၈) လောင်းကစားနှင့်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တရပ်အဖြစ် သတ်မှတ်သည်။

(၉)ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးမှ အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှု ဖော်ဆောင်ရာတွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွါးရေးနှင့် စည်းရုံးရေးဆိုင်ရာကိစ္စများ နောက်နေးဆုံးရှုံးနှစ်နာမှုမရှိစေရန် တိကျသော စီမံခန့်ခွဲမှု နှင့် စည်းလုံးညီညွတ်မှုကို ပြသနိုင်စေရမည်။

(၁၀)ကရင်အဖွဲ့အစည်းအသီးသီး ပြန်လည်စည်းလုံးညီညွတ်မှု ရရှိလာအောင် ဆောင်ရွက်သွားမည်။ ပြည်တွင်း ပြည်ပရှိ အလွှာအသီးသီး၊ အဖွဲ့အစည်းအသီးသီးမှ ကရင်အမျိုးသားများစုစည်း၍ ကရင်အမျိုးသားအရေးကို ကာကွယ် မြှင့်တင်သွားမည်။

(၁၁)ကရင်အမျိုးသားများ၏အနာဂါတ်ရပ်တည်နိုင်ရေးကိုရည်မျှော်၍ ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ကရင်အမျိုးသားများ အားလုံးပါဝင်သည့် ကရင်အမျိုးသားများညီလာခံ(ကွန်ကရက်)တရပ်ကိုကျင်းပပြုလုပ်သွားမည်။

(၁၂)ကရင်အမျိုးသားများ၏ နိုင်ငံရေးတောင်းဆိုချက်တစ်ရပ်ဖြစ်သည့် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးကို ဘဝတူတိုင်းရင်းသားလူမျိုးများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ အပ်ပါသည်။

**ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးကော်မီတီ**


ဆက်သွယ်ရန်– (၁) နန့်ဇိုယာဖန်း (+66-811002857 )
(၂) စောအော်ဘောမူ (+66-806215075)